စင်္ကာပူနိုင်ငံ သစ္စာပါရမီ ဆရာတော်

# ဒေါက်တာ အရှင်ဇယတိဿ

**(သာသနဓဇ အစိုးရဓမ္မာစရိယ)**

# ဝိပဿနာအလုပ်စခန်းနှင့်
# ဝိပဿနာတရားပွဲ

| | |
|---|---|
| ကျင်းပမည့်နေရာ | Informatics Campus<br>10 & 12 Science Center Rd, S609080<br>(Jurong East MRT station အနီး) |
| ကျင်းပမည့်နေ့ရက် | ၁၆/၅/၂၀၁၀ (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | ညနေ ၂း၃၀ နာရီ မှ ၆:၀၀ နာရီထိ |

## ကျင်းပမည့် အစီအစဉ်

| | |
|---|---|
| ဝိပဿနာတရားနာ............ | ၂း၃၀ နာရီ မှ ၄း၀၀ နာရီ |
| ခေတ္တရပ်နားချိန် ............... | ၄း၀၀ နာရီ မှ ၄း၁၅ နာရီ |
| တရားထိုင်ချိန်................. | ၄း၁၅ နာရီ မှ ၅း၀၀ နာရီ |
| ရေစက်ချ တရားသိမ်း ...... | ၅း၀၀ နာရီ မှ ၆း၀၀ နာရီ |

မှတ်ချက်။ ရောဝတီဆိုင်မှ ထမင်းကြော်ဖြင့်ဧည့်ခံပါမည်။

## မြန်မာနိုင်ငံ တနင်္သာရီတိုင်း ကော့သောင်းခရိုင် ကော့သောင်းမြို့နှင့်

## စင်္ကာပူနိုင်ငံ သစ္စာပါရမီ ဓမ္မရာဇာရိပ်သာတို့၏ ပဓာနနာယက

## ဆရာတော် ဒေါက်တာအရှင်ဇယတိဿ၏ ထေရုပ္ပတ္တိ

ကော့သောင်းမြို့ ၅၅၅ တောင်ကလပ်၊ ဓမ္မရာဇာဝိပဿနာရိပ်သာ ပဓာန နာယကဆရာတော် ဒေါက်တာ အရှင်ဇယတိဿာလင်္ကာရ မထေရ်မြတ် အလောင်းအလျာအား ၁၃၂၀ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ရက် အင်္ဂါနေ့တွင် ကျောက်ဖြူမြို့နယ်၊ ဆင်ဘုတ်တိုက်နယ်၊ လူရှည်ရွာ၌ ခမည်းတော် ဦးဘလှိုင်၊ မယ်တော် ဒေါ်ဖြူခိုင်တို့မှ ဖွားမြင်တော်မူခဲ့ပါသည်။ အသက် (၁၃)နှစ်တွင် ဆင်ဘုတ်အထက်ကျောင်း ဆရာတော် ဘဒ္ဒန္တမာလာ မထေရ်မြတ်ကို ဉပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပါသည်။ ၁၃၄၂ ခုနှစ် နယုန်လဆန်း(၁၃)ရက်နေ့ သက်တော် (၂၀) ပြည့်နှစ်တွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း မင်္ဂလာသုခ ပါဠိတက္ကသိုလ် ကျောင်းတိုက် ကထိကချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ သီရောမဏိ၊ ဘဒ္ဒန္တဉာဏမဏ္ဍကို ဉပဇ္ဈာယ်ပြု၍ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက်နေ အငြိမ်းစားအလယ်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မြိုင်၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မင်္ဂလာသုခကျောင်းတိုက်-ခဏ္ဍသိမ်တော်၌ မြင့်မြတ်သောရဟန်းဘဝသို့ ရောက်ရှိခဲ့ပါသည်။

အစိုးရပထမပြန်စာမေးပွဲကို ငယ်၊ လတ်၊ ကြီး (ပါဠိဘာသာ)၊ ရခိုင်ပြည်နယ်လုံးဆိုင်ရာ ကျောက်ဖြူမြို့ ဓမ္မရက္ခိတ စာမေးပွဲ၌ ငယ်၊ လတ်၊ပါဠိဘာသာဖြင့်ဖြေဆိုအောင်မြင်၍ အကြီးတန်း(ပါဠိဘာသာ ပထမ)။ အစိုးရ အဘိဓမ္မာ ဂုဏ်ထူးဆောင် သုံးဆင့်လုံး ရခိုင်ပြည်နယ်(ပထမ)ဖြင့် အောင်မြင်တော်မူခဲ့ပြီး ၁၃၄၃ ခုနှစ်၊ သိက္ခာတော် (၁)ဝါ အရတွင် အစိုးရ ဓမ္မာစရိယတန်း သုံးကျမ်းလုံးကို အောင်မြင်တော်မူခဲ့သဖြင့် သာသနဓဇဓမ္မာစရိယ ဘွဲ့လက်မှတ် ဆက်ကပ်လှူဒါန်းခြင်းကို ခံယူတော်မူခဲ့ပါသည်။

ဆရာတော်သည် ရန်ကုန်၊သင်္ဃန်းကျွန်းမြို့နယ်၊ အရိယဝံသကျောင်း၊ ရတနာပုံရိပ်ငြိမ်ကျောင်းတိုက်စသည်တို့တွင် စာပေပို့ချခြင်း ဝိပဿနာတရားများ ဟောကြားခြင်း၊ ဧရာဝတီတိုင်း၊ မြောင်းမြမြို့နယ်နှင့် အိမ်မဲမြို့နယ်စသည်တို့တွင် မင်္ဂလာတရားတော်သင်တန်းနှင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ခြင်း၊ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော် ဘုရားကြီး၏ ဉပနိဿယအတိုင်း (၇)ရက်စခန်း၊ (၁၀)ရက်စခန်းများ ဖွင့်လှစ်ကာ သစ္စာဓမ္မများကို ဟောကြားပြသရင်း သာသနာ့တာဝန်များကို ထမ်းရွက်တော်မူခဲ့ပါသည်။

ဆရာတော်သည် ၁၃၅၃ ခုနှစ် ဝါဆိုလပြည့်နေ့မှစ၍ တနင်္သာရီတိုင်း၊ ကော့သောင်းမြို့တွင် သီတင်းသုံးကာ ဓမ္မရာဇာမိုးကုတ်ဝိပဿနာရိပ်သာကို ဖွင့်လှစ်၍ ကော့သောင်းမြို့နယ်သူ၊ မြို့နယ်သားများအား သစ္စာဓမ္မများကို ဟောကြား ပြသရင်း သာသနာပြုတော်မူခဲ့ရာ ယနေ့ထိတိုင်အောင် ဖြစ်ပါသည်။ ၁၃၆၀ခုနှစ်တွင် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၊ ဗုဒ္ဓဂယာ မဂဓတက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြား ဆည်းပူးတော်မူခဲ့ပြီး မဟာဝိဇ္ဇာဂုဏ်ထူးတန်း(MA)ဘွဲ့ကို ဗုဒ္ဓစာပေ ဂုဏ်ထူးဖြင့် ပထမအဆင့်မှ အောင်မြင်တော်မူခဲ့ပါသည်။ ထို့နောက် PhD ဒေါက်တာဘွဲ့ကို "LAW OF DEPENDANT ORIGINATION" ခေါင်းစီးဖြင့် ရယူတော်မူခဲ့ပါသည်။

ဆရာတော်သည် မိမိနှင့်ဆက်စပ်၍ အကြောင်းညီညွတ်သည့် နေရာများ၌ သင့်လျော်သည့်အချိန်တွင်၊ အခါ ကာလကိုကြည့်၍ အများအတွက် ဝိပဿနာတရားစခန်းပွဲများ ဖွင့်လှစ်ဟောကြားခြင်း၊ ညတရားပွဲများကို ဟောကြားချီးမြှင့် ပေးခြင်း၊ ကော့သောင်းမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက်များတွင် အင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်သင်ကြားပေးခြင်း၊ မိဘမဲ့ ချို့တဲ့ကလေးများအား ကျွေးမွေးစောင့်ရှောက် ကျောင်းထားပေးခြင်း၊ ကော့သောင်းမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ချို့တဲ့လူနာ များအား ထောက်ပံ့ပေးခြင်း၊ ဆင်းရဲချို့တဲ့သောနေရာများ၌ ကျောင်းဟောင်း၊ သိမ်ဟောင်း၊ တံတားပျက်များကို ဦးဆောင် ပြုပြင်ပေးခြင်း၊ နာဂစ်မုန်တိုင်းဒဏ်သင့်ခဲ့သော ဧရာဝတီတိုင်းသို့ ကော့သောင်းမြို့နယ်သံဃာများကိုယ်စား ဦးဆောင် သွားရောက် ကူညီလှူဒါန်းပေးခြင်း စသော အတ္တဟိတ၊ ပရဟိတ၊ ဓမ္မဟိတ တို့ကို ယနေ့ထိ စိတ်ပါဝင်စားစွာဖြင့် ဆောင်ရွက် လျှက်၊ ၂၀၁၉ ခု၊ ဇူလိုင်လ မှစတင်၍ စင်္ကာပူနိုင်ငံတွင် သစ္စာပါရမီ ဓမ္မရာဇာ **MEDITATION CENTER** ကို တည်ထောင်လျက် တနင်္ဂနွေနေ့တိုင်း ညတရားပွဲများ၊ တရားသင်တန်းများ ဟောကြားချီးမြှင့်ခြင်းနှင့်အတူ အခြားသော သာသနာတော်ရေးရာ တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။

သတ္တဝါခပ်သိမ်း တရားကိန်း အေးငြိမ်း ချမ်းသာ ရှိပါစေ။